# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

January 12, 2022 Volume 50, Number 7

၁၂.၁.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၂၂ US$ |
| မြန်မာ့ရွှေဈေး | = ၁၈၇၅၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၂၀၁၀ ကျပ် (Offer Price) |
| CBM Rate | = ၁၇၇၈.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၀၂၀.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၁၆.၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၄၂၄.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၂၈၁.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၇၉.၃၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၀၃၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၉.၁၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၂၄.၆၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၃.၂၁၀ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၈ သိန်း ခုနစ်သောင်းနီးပါးအထိ ရောက်ရှိလာပြီး ယခင်နေ့များထက် ကျပ်လေးသောင်းနီးပါး ခုန်တက်လာကာ ဒေါ်လာဈေးတက်သဖြင့် ရွှေဈေးနှုန်းမြင့်တက်ခြင်းဟုဆို



https://news-eleven.com/article/223697

ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၈ သိန်း ခုနစ်သောင်းနီးပါးအထိ ရောက်ရှိလာပြီး ယခင်နေ့များထက် ကျပ်လေးသောင်းနီးပါး ခုန်တက်လာကာ ဒေါ်လာဈေးတက်သဖြင့် ရွှေဈေးနှုန်းမြင့်တက်ခြင်းဟု ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌဦးမျိုးမြင့်က ပြောကြားသည်။

ဇန်နဝါရီ ၁၀ ရက် ညနေပိုင်း အပိတ်ဈေးအရ ၁၆ ပဲရည်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၁၈ သိန်း သုံးသောင်းကိုးထောင်သာ ရှိခဲ့သော်လည်း ဇန်နဝါရီ ၁၁ ရက် နံနက်ဈေးဖွင့်ချိန်တွင် ၁၈ သိန်း ခုနစ်သောင်းနီးပါးအထိ ရောက်ရှိခဲ့ခြင်းဖြစ်သည်။ " ဈေးကတော့ ခုန်တက်သွားတာပေ့ါ။ ဈေးကွက်ထဲမှာတော့ အရောင်းအဝယ်ကအေးပါတယ်။ ရွှေလည်းပေါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှဥက္ကဋ္ဌ ဦးမျိုးမြင့်က ပြောကြားသည်။ လက်ရှိရွှေဈေးမြင့်တက်လာခြင်းအကြောင်းမှာ ဒေါ်လာဈေး မြင့်တက်လာခြင်းကြောင့်ဖြစ်နိုင်ကြောင်း ဦးမျိုးမြင့်ကသုံးသပ်သည်။ "ဖြစ်နေတာ ဒေါ်လာဈေးတက်သွားတာ။ ဒေါ်လာဈေးက ၁၉၆၀ လောက်ဖြစ်သွားတယ်။ Earning က ၂၀၀၀ လောက်ဖြစ်သွားတယ်။ အဲဒီတော့ ဈေးတွေက တအားထောင်တက်သွားတဲ့သဘောပေ့ါ။ ဒေါ်လာကို ထိန်းနိုင်ရင် ရွှေဈေးပြန်ကျမယ်" ဟု ဦးမျိုးမြင့်က ပြောကြားသည်။

လက်ရှိကမ္ဘာ့ရွှေဈေးမှာ မြင့်တက်ခြင်းမရှိဘဲ မြန်မာ့ရွှေဈေးသာ မြင့်တက်နေခြင်းဖြစ်ကြောင်း ဦးမျိုးမြင့်ကဆိုသည်။ "ကမ္ဘာ့ဈေးက ၁၈၀၀ နဲ့ ၁၇၅၀ ကြားပေ့ါ။ အဲဒီကြားမှာပဲ ပြေးနေတယ်။ ကမ္ဘာ့ဈေးက သိပ်မတက်နိုင်ဘူး။ မနှစ်က ကိုဗစ်ဖြစ်သွားတော့ စက်ရုံအလုပ်ရုံတွေ ပိတ်တယ်။ လေယာဉ်တွေ၊ သင်္ဘောတွေအကုန်ရပ်သွားတဲ့အခါကျတော့ ရင်းနှီးမြှုပ်နှံမှုအားလုံးက ရွှေထဲကိုဝင်လာတာ။ အဲဒါကြောင့် တက်သွားတာ။ အခုအခြေအနေက ကမ္ဘာ့ရွှေဈေးက မတက်နိုင်ဘူး။ ပြည်တွင်းဈေးပဲ ဒေါ်လာကိုမထိန်းနိုင်ရင် ပြဿနာရှိတယ်" ဟု ဦးမျိုးမြင့်ကပြောကြားသည်။

၂၀၁၆ ခုနှစ်မှစ၍ ၂၀၂၁ ခုနှစ်အထိ ပြည်တွင်းရွှေဈေးနှုန်း စံချိန်တင်ဈေးနှုန်းများ အကြိမ်ကြိမ်ဖြစ်ပေါ်ခဲ့ကာ နှစ်အလိုက် စံချိန်တင်ဈေးနှုန်းများမှာ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် ကျပ် ၉၀၃၅၀၀၀၊ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် ကျပ် ၉၅၇၈၀၀၀၊ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် ကျပ် ၁၀၄၇၇၀၀၀၊ ၂၀၁၉ ခုနှစ်

ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျပ် ၁၀၈၈၅၀၀၊ ၂၀၁၉ ခုနှစ် ဇူလိုင် ၁၈ ရက်တွင် ကျပ် ၁၁၄၃၅၀၀၊ ၂၀၁၉ ခုနှစ် ဩဂုတ် ၁၃ ရက်တွင် ကျပ် ၁၂၃၇၀၀၀၊ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၅ ရက်တွင် ကျပ် ၁၃၁၅၀၀၀၊ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၇ ရက်တွင် ကျပ် ၁၃၃၅၀၀၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် ပြည်တွင်းရွှေဈေးနှုန်း ကျပ် ၁၄၂၀၀၀၀ ဖြစ်သည်။

ရွှေဈေးနှုန်းသည် ၂၀၁၆ ခုနှစ်တွင် ကျပ် ၈၀၀၀၀၀ တန်း၊ ၂၀၁၇ ခုနှစ်တွင် ကျပ် ၉၀၀၀၀၀ တန်း၊ ၂၀၁၈ ခုနှစ်တွင် ကျပ် ၁၀၀၀၀၀၀ တန်း၊ ၂၀၁၉ ခုနှစ်တွင် ကျပ် ၁၁၀၀၀၀၀ တန်းနှင့် ကျပ် ၁၂၀၀၀၀၀ တန်းကို ကျော်လွန်လာခဲ့ပြီး ၂၀၁၉ ခုနှစ် စက်တင်ဘာတွင် ကျပ် ၁၃၀၀၀၀၀ ကျော်အထိ မြင့်တက်ခဲ့ခြင်းဖြစ်ကာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် ကျပ် ၁၄၂၀၀၀၀နှင့် စက်တင်ဘာလအတွင်း ကျပ်သိန်း ၂၀ ကျော်အထိ စံချိန်တင်မြင့်တက်ခဲ့သည်။

**Source:** https://news-eleven.com/article/223697

## ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ (ယာယီ) အတွင်း ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ တင်ပို့တင်သွင်းခဲ့သည့် အများဆုံးပို့ကုန်နှင့်သွင်းကုန်စာရင်း

ကုန်သွယ်ရေးဦးစီးဌာန
၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ (ယာယီ)
အများဆုံးတင်ပို့သော ပို့ကုန် (၁၀) မျိုးစာရင်း (ပင်လယ်ရေကြောင်း + နယ်စပ်)
တန်ဖိုး- ကန်ဒေါ်လာသန်းပေါင်း

| စဉ် | ကုန်ပစ္စည်းအမည် | တန်ဖိုး |
|---|---|---|
| ၁ | ချုပ်ပြီးအထည် | ၄၁၀.၅၂၃ |
| ၂ | သဘာဝဓါတ်ငွေ့ | ၁၆၀.၀၃၄ |
| ၃ | မတ်ပဲ | ၆၅.၃၆၉ |
| ၄ | ဆန် | ၆၄.၇၉၉ |
| ၅ | ပြောင်း | ၅၂.၂၅၉ |
| ၆ | ရာဘာစိမ်း | ၄၉.၉၀၁ |
| ၇ | ငါး | ၄၃.၉၆၅ |
| ၈ | နှမ်း | ၃၈.၆၀၄ |
| ၉ | ပဲတီစိမ်း | ၃၁.၂၂၉ |
| ၁၀ | ဆန်ကွဲ | ၂၀.၄၅၃ |

ကုန်သွယ်ရေးဦးစီးဌာန
၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ (ယာယီ)
အများဆုံးတင်သွင်းသော သွင်းကုန် (၁၀) မျိုးစာရင်း (ပင်လယ်ရေကြောင်း + နယ်စပ်)
တန်ဖိုး- ကန်ဒေါ်လာသန်းပေါင်း

| စဉ် | ပစ္စည်းအမျိုးအမည် | တန်ဖိုး |
|---|---|---|
| ၁ | ရေနံထွက်ပစ္စည်းများ | ၃၁၉.၇၉၀ |
| ၂ | ချည်ထည်များ | ၁၀၄.၁၁၅ |
| ၃ | စားအုန်းဆီ | ၉၆.၄၈၇ |
| ၄ | ဆေးဝါးပစ္စည်းများ | ၆၆.၅၃၈ |
| ၅ | ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ | ၆၁.၉၉၄ |
| ၆ | သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ | ၄၆.၉၁၃ |
| ၇ | စက်နှင့် စက်ပစ္စည်းများ | ၄၄.၃၄၃ |
| ၈ | သံနှင့် သံမဏိပစ္စည်းများ | ၃၄.၈၀၂ |
| ၉ | လျှပ်စစ်ဓါတ်ဖြန့်ဖြူးရေးနှင့် တပ်ဆင်ရေးပစ္စည်းများ | ၃၀.၈၉၉ |
| ၁၀ | ဓါတုဗေဒပစ္စည်းများ | ၃၀.၁၆၈ |

**Source: ကုန်သွယ်ရေးဦးစီးဌာန**

## နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများ ပွင့်လန်းလာရန် လျှော်ဖြူစိုက်ပျိုးသူများ မျှော်လင့်နေ



https://greenwaymyanmar.com/posts/Streculia_versicolor_Wall_growers_hope_border_trade_open_up

နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများ ပြန်လည်ပွင့်လန်းလာပြီး၊ လျှော်ဖြူဈေးကွက်ကောင်းများရရှိရန် မျှော်လင့်လျက်ရှိကြောင်း လျှော်ဖြူပင် စိုက်ပျိုးထုတ်လုပ်နေသူများထံမှ သိရသည်။ "လျှော်ဖြူစေးက ဝယ်လက်လုံးဝမရှိတာမျိုးတော့ မဟုတ်ဘူး။ ဝယ်လက်တွေက ရှိပေမယ့် တင်ပို့မယ်ဆိုရင် အရင်လိုပမာဏနည်းနည်းချင်းစီ အဆင်မပြေသလို တင်ပို့လို့မရတော့တဲ့အတွက် ကွန်တိန်နာတစ်စီးလုံးအပြည့်မှ တင်ပို့လို့ရမယ့် အခြေအနေမျိုးတွေရှိနေတယ်။ ဒါက တောင်သူငယ်တွေ၊ ကုန်သည်ပွဲစားငယ်တွေအတွက်လည်း အဆင်မပြေသလို၊ ပမာဏ အများကြီးပို့တဲ့အခါ အရည်အသွေးထိန်းသိမ်းပြီး တင်ပို့နိုင်ဖို့ကလည်း လိုအပ်ချက်တွေရှိပြန်တယ်။ ပင်လယ်ရေကြောင်း ခရီးကနေ တင်ပို့ကြမယ်ဆိုတော့လည်း ကုန်ကျစရိတ်က အများကြီးရှိနိုင်တယ်။ လျှော်ဖြူစေးရောင်းချပြီးတော့ ပြန်ရနိုင်မယ့် အမြတ်အစွန်းနဲ့ တင်ပို့ရတဲ့ကုန်ကျစရိတ်နဲ့က မကာမိဘူးလေ"ဟု မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ဂန္ဓမာရွာ၊ မန္တလေး-မတ္တရာကားလမ်း၊ မိုင်တိုင်(၁၁) အနီးရှိ နန္ဒဝန်လျှော်ဖြူထုတ်လုပ်ရေးခြံမှ စီမံအုပ်ချုပ်သူ ဦးဇင်မင်းသန့်ကပြောသည်။

လျှော်ဖြူပင်၏အစေး (ဆေးကုလားမ)ကို မြန်မာနိုင်ငံမှ အိမ်နီးနိုင်ငံတစ်ချို့သို့ ယခင်ခေတ်အဆက်ဆက် ရောင်းချခဲ့ကြပြီး၊ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါဆိုးဖြစ်ပွားမှု ဒုတိယလှိုင်းကာလမှစတင်၍ ဈေးကွက်တင်ပို့မှုအပိုင်းမှာ အားနည်းသည်ထက် အားနည်းလာခြင်းဖြစ်သည်။ "ပထမကိုဗစ်လှိုင်းကာလတုန်းကတောင် ဈေးကွက်က သူ့ဈေးကွက်လေးနဲ့သူ လည်ပတ်နေခဲ့ပါသေးတယ်။ ဒုတိယနဲ့တတိယ ကိုဗစ်လှိုင်းကာလတွေမှာ တောင်သူတွေအနေနဲ့ အရင်ကထက် ဈေးကွက်ကျဆင်းမှုဒဏ်ကို ခံစားလာရတာပါ။ တစ်ချို့တောင်သူတွေဆိုရင် လျှော်ဖြူပင်စိုက်ပျိုးရာကနေ တစ်ခြားသီးနှံအမျိုးအစား/တစ်ခြားဈေးကွက်ကောင်းရာ နှစ်ရှည်ပင်အမျိုးအစားတွေကို ပြောင်းလဲစိုက်ပျိုးတဲ့သူတွေလည်းရှိလာတယ်။ ပြည်တွင်းဈေးကွက်မှာပဲ မဖြစ်ဖြစ်အောင်ရောင်းချပြီး၊ ဈေးကွက်ပြန်လည်ကောင်းမွန်လာချိန်ကို စောင့်ဆိုင်းနေသူတစ်ချို့လည်းရှိပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

မြန်မာနိုင်ငံတွင် လျှော်ဖြူပင်များကို အဓိကအားဖြင့် ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီး အနီးတစ်ဝိုက်ဒေသများတွင် စိုက်ပျိုးထုတ်လုပ်ထားကြောင်း သိရသည်။

**Source:** https://greenwaymyanmar.com/posts/Streculia_versicolor_Wall_growers_hope_border_trade_open_up

## ရန်ကုန်ဆိပ်ကမ်းများနှင့် ချင်းရွှေဟော်နယ်စပ်မှ ဇန်နဝါရီ ၁၀ ရက်က ကိုဗစ်-၁၉ ကုသရေးဆိုင်ရာပစ္စည်းများ တင်သွင်းရာတွင် ဆေးဝါးမျိုးစုံ ၄၂ မျိုး၊ ၁၄၉၄၆၁ ဒသမ ၉၈ ကီလိုဂရမ်ပါဝင်

ရန်ကုန်လေဆိပ်နှင့် ဆိပ်ကမ်းများမှ ဇန်နဝါရီ ၁၀ ရက်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေးဆိုင်ရာ ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခဲ့ရာတွင် ဆေးဝါးမျိုးစုံ ၄၂ မျိုး၊ ၁၄၉၄၆၁ ဒသမ ၉၈ ကီလိုဂရမ်ပါဝင်ကြောင်း အကောက်ခွန်ဦးစီးဌာနမှသိရသည်။ အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ် ကုသရေးပစ္စည်းများကို ရေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိရာ ဇန်နဝါရီ ၁၀ ရက်က ရန်ကုန်ဆိပ်ကမ်းများမှ Disposable Syringe ၁၃၅၈၀ ခု၊ ဆေးဝါးမျိုးစုံ ၄၂ မျိုး ၁၄၉၄၆၁ ဒသမ ၉၈ ကီလိုဂရမ်၊ ချင်းရွှေဟော်နယ်စပ်မှ ကုမ္ပဏီနှစ်ခုမှ Pai Tetra Capsule ၉၆၀၀ ခု၊ Disposable Syringe ၄၀၄၆ ခုတို့ ထုတ်ပေးခဲ့ကြောင်း သိရသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် လိုင်စင်လျှောက်ထားရန်လိုအပ်သော ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ကုသရေးဆိုင်ရာပစ္စည်းများနှင့် Liquid Oxygen တင်သွင်းမှုကို လိုင်စင်လျှောက်ထားရန်မလိုဘဲ ခွင့်ပြုထားပြီးဖြစ်သည်။ Oxygen Concentrator များ တင်သွင်းမှုကိုလည်း အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ထောက်ခံချက်နှင့် သွင်းကုန်လိုင်စင်လျှောက်ထားရန်မလိုဘဲ ကုန်သွယ်လုပ်ငန်းခွန် ငါးရာခိုင်နှုန်းကင်းလွတ်ခွင့်ဖြင့် လျင်မြန်စွာတင်သွင်းခွင့်ပြုပေးလျက်ရှိသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသထိန်းချုပ်ရေးဆိုင်ရာ ဆေးဝါး၊ ဆေးပစ္စည်းကိရိယာများနှင့် Liquid Oxygen တို့အား ဇူလိုင် ၁၂ ရက်မှစ၍ သွင်းကုန်လိုင်စင်လျှောက်ထားရန်မလိုဘဲ သုံးလတင်သွင်းခွင့်ပြုကြောင်း စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

လတ်တလော ကိုဗစ်-၁၉ ရောဂါ ကုသမှုလုပ်ငန်းစဉ်များကို အထောက်အကူပြုနိုင်စေရန်အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသထိန်းချုပ်ရေးဆိုင်ရာ ဆေးဝါးနှင့်ဆေးပစ္စည်းကိရိယာများအနက် သွင်းကုန်လိုင်စင် လျှောက်ထားရန်လိုသော ကုန်စည်လိုင်းအားလုံးနှင့် Liquid Oxygen တို့ကို ၂၀၂၁ ခုနှစ် ဇူလိုင် ၁၂ ရက်မှ စတင်၍ သွင်းကုန်လိုင်စင်လျှောက်ထားရယူရန် မလိုအပ်ဘဲ သုံးလယာယီဖြေလျှော့၍ တင်သွင်းခွင့်ပြုကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

**Source:** https://news-eleven.com/article/223678

## စက်သုံးဆီ ဈေးနှုန်းများ ဆက်တိုက် မြင့်တက်လာ

၂၀၂၂ နှစ်ဆန်းပိုင်းအတွင်း ပြည်တွင်းစက်သုံးဆီဈေး ဆက်တိုက်မြင့်တက်လာနေပြီး တစ်လီတာ ကျပ် ၁၅၀၀ ဝန်းကျင်တွင် ရှိနေကြောင်း စက်သုံးဆီအရောင်းဆိုင်များ၏ ဈေးနှုန်းများအရ သိရသည်။

ဇန်နဝါရီ ၁၁ ရက် ရန်ကုန်ဈေးကွက်တွင် စက်သုံးဆီ လက်လီဈေး ဒီဇယ်တစ်လီတာ ကျပ် ၁၄၄၀ ပရီမီယံ (Premium) ဒီဇယ် တစ်လီတာလျှင် ကျပ် ၁၄၅၀၊ အောက်တိန်း ၉၂ Ron တစ်လီတာလျှင် ၁၄၄၅ ကျပ်၊ အောက်တိန်း ၉၅ Ron တစ်လီတာလျှင် ၁၄၉၅ ကျပ်ဝန်းကျင်ဖြင့် ဈေးမြင့်တက်နေကြောင်း သိရသည်။

မန္တလေးဈေးကွက်တွင် စက်သုံးဆီလက်လီဈေး ဒီဇယ်တစ်လီတာ ၁၄၆၅ ကျပ်၊ ပရီမီယံ (Premium) ဒီဇယ်တစ်လီတာလျှင် ၁၄၈၅ ကျပ်၊ အောက်တိန်း ၉၂ Ron တစ်လီတာလျှင် ၁၄၉၅ ကျပ်၊ အောက်တိန်း ၉၅ Ron တစ်လီတာလျှင် ကျပ် ၁၆၀၀ ဝန်းကျင်တွင်ရှိနေကြောင်း သိရသည်။

ကမ္ဘာ့ရေနံစိမ်းဈေးမှာမူ ဇန်နဝါရီ ၁၁ ရက်ဈေးနှုန်းအရ တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၈၁ ဒသမ ၆၈ ဒေါ်လာတွင် ရှိနေကြောင်းသိရသည်။ အမေရိကန်ဒေါ်လာနိုင်ငံခြားငွေလဲလှယ်နှုန်းမှာလည်း မြင့်တက်နေပြီး စက်သုံးဆီအား ပြည်ပမှ မှာယူတင်သွင်းရမှုကြောင့် ကုန်ကျစရိတ်ပိုမိုမြင့်တက်လာနေပြီး အမေရိကန်နိုင်ငံခြားငွေလဲလှယ်နှုန်းသည် ဇန်နဝါရီ ၁၁ ရက် ပြင်ပဈေးတွင် တစ်ဒေါ်လာဝယ်ဈေး ကျပ် ၁၉၆၀ ၊ ရောင်းဈေး ကျပ် ၁၉၈၀ ဝန်းကျင်ဖြင့် အရောင်းအဝယ်ဖြစ်ပေါ်နေကြောင်း သိရသည်။ ထို့ပြင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံစက်သုံးဆီ တင်သွင်းဖြန့်ဖြူးရောင်းချရေးအသင်းတို့ပူးပေါင်းပြီး ဗဟိုဘဏ်မှ ရည်ညွှန်းငွေလဲနှုန်းဖြင့် တိုက်ရိုက်ရောင်းချပေးသည့် နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၃၄ သန်းဖြင့် စက်သုံးဆီမှာယူတင်သွင်းသည့် ကုမ္ပဏီများက အထူးသက်သာသောဈေးနှုန်းဖြင့် ဇန်နဝါရီ ၁၁ ရက်မှ စတင်ကာ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် သတ်မှတ်စက်သုံးဆီအရောင်းဆိုင်များတွင် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

Source: http://sdtimedaily.com/

## ၂၀၂၂ ခုနှစ် အစပိုင်းတွင် ဂျပန်နိုင်ငံ၏ Nikkei အညွှန်းကိန်းဈေးနှုန်း မြင့်တက်လာကြောင်းတွေ့ရ

အမေရိကန်ပြည်ထောင်စု၊ နယူးယောက်မှ Dow Jones Industrial Average အညွှန်းကိန်း၏ဈေးနှုန်းများ စံချိန်တင်မြင့်တက်ခဲ့ပြီးနောက်ပိုင်း တိုကျိုစတော့ရှယ်ယာဈေးကွက်သည် ဇန်နဝါရီလ ၄ ရက် (အင်္ဂါနေ့) တွင် ၂၀၂၂ ခုနှစ် အစပိုင်းအတွက် ပထမဆုံးဈေးအမြင့်နှင့် စတင်ဖွင့်လှစ်လိုက်ကြောင်းသိရပါသည်။ ပထမတန်းစားအစုရှယ်ယာ ၂၂၅ မျိုး၏ Nikkei အညွှန်းကိန်းသည် ၂၀၂၁ ခုနှစ်အကုန် ဈေးပိတ်ချိန်ကထက် ၁.၇၇ % မြင့်တက်လာပြီး ဇန်နဝါရီလ ၄ ရက် (အင်္ဂါနေ့) တွင် ၂၉,၃၀၁ မှတ် ဖြင့် ဈေးပိတ်ခဲ့ပါသည်။

Japan Exchange Group ၏ အမှုဆောင်အရာရှိချုပ် Kiyota Akira က စတော့ရှယ်ယာဈေးကွက်တွင် ပါဝင်ဆောင်ရွက်နေကြသူအများစုအနေဖြင့် ဈေးကွက်ခိုင်မာအားကောင်းမည့် အလားအလာကောင်းများ မျှော်လင့်နေကြသည်ဟု ယူဆကြောင်း၊ ၂၀၂၂ ခုနှစ်သည် တရုတ်ရိုးရာပြက္ခဒိန်အရ ကျားနှစ်ကျရောက်သည့်အတွက် အားမာန်အပြည့်ဖြင့် မင်္ဂလာရှိသည့် နှစ်သစ် အဖြစ်မျှော်လင့်ကြောင်း ပြောကြားခဲ့ပါသည်။

အမေရိကန်ပြည်ထောင်စု၏ စီးပွားရေးအခြေအနေတိုးတက်ကောင်းမွန်လာသည့်အတွက် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် အားတက်လာခဲ့ပါသည်။ အမေရိကန်ဒေါ်လာနှင့်နှိုင်းယှဉ်ပါက ယန်းငွေတန်ဖိုး လျော့ကျနေသဖြင့် ပို့ကုန်ဆိုင်ရာ ရှယ်ယာဈေးနှုန်းများ မြင့်တက်လာခဲ့သည်ကိုလည်း တွေ့ရပါသည်။

ပြီးခဲ့သည့် ၂၀၂၁ ခုနှစ် တစ်နှစ်လုံးတွင် ကူးစက်ရောဂါ၏သက်ရောက်မှုကြောင့် တိုကျိုစတော့ရှယ်ယာဈေးကွက်၏ Nikkei ပျမ်းမျှအညွှန်းကိန်းသည် ဈေးနှုန်းမတည်ငြိမ်မှုများနှင့် ရင်ဆိုင်ခဲ့ရပါသည်။

**Source:** https://mainichi.jp/english/articles

**နန္ဒာဝင်း (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဂျပန်)**

## ပထမလအတွင်း စီးပွားရေးအကျိုးကျေးဇူးများ ဖြစ်ပေါ်ခဲ့သည့် တရုတ်-လာအို ရထားလမ်း



လာအိုနိုင်ငံ၊ ***Vang Vieng***ရှိ ***Vang Vieng*** ဘူတာတွင် တရုတ်-လာအို ရထားလမ်းကို အသုံးပြုနေသည့် ခရီးသည်များ၏ ပုံ (ဓာတ်ပုံရင်းမြစ် - ***Xinhua/ Li Huan)***

တရုတ်-လာအို ရထားလမ်းစတင်ပြေးဆွဲသည့် ပထမလအတွင်းမှာပင် ခရီးသည်နှင့်ကုန်စည်သယ်ယူပို့ဆောင်ရေးတွင် အကျိုးကျေးဇူးများဖြစ်ထွန်းနေကြောင်း သိရပါသည်။ (၁,၀၃၅) ကီလိုမီတာရှည်လျားပြီး၊ လာအိုနိုင်ငံ၊ ဗီယန်ကျင်းမြို့တော်နှင့် တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်းမြို့ကို ဆက်သွယ်ထားသည့် ၎င်းမီးရထားလမ်းကို အသုံးပြု၍ ပထမတစ်လအတွင်းမှာပင် ခရီးသည်ဦးရေ (၆၇၀,၀၀၀) ဦးနှင့် ကုန်သေတ္တာတန်ချိန် (၁၇၀,၀၀၀) ကို သယ်ယူပို့ဆောင်ပေးခဲ့ပြီးဖြစ်ပါသည်။

၎င်းရထားလမ်းပိုင်းတွင် တရုတ်ဘက်မှ ရထားတွဲအစုံအရေအတွက် (၃၁.၅)တွဲဖြင့် ချိတ်ဆက်ထားပြီး၊ နေ့စဉ်အသုံးပြုနေသည့်ဦးရေမှာ (၁၉,၀၀၀)ခန့်ရှိခဲ့ရာမှ (၃၃,၀၀၀)ခန့် အထိ မြင့်တက်လာခဲ့ကြောင်း၊ တရုတ်နိုင်ငံဘက်၌ ၎င်းရထားလမ်းပိုင်းကို တစ်လအတွင်း အသုံးပြုနေသူဦးရေ (၆၂၀,၀၀၀)ရှိခဲ့ကြောင်း၊ လာအိုဘက်ပိုင်းတွင်လည်း ရုံးပိတ်ရက် များနှင့် အားလပ်ရက်များတွင် ၎င်းမီးရထားကို အသုံးပြုသူ များပြားပြီး၊ တစ်လအတွင်း အသုံးပြုသူဦးရေ (၅)သောင်းရှိခဲ့ကြောင်း သိရပါသည်။

၎င်းမီးရထားလမ်းကြောင့် တရုတ်နှင့်လာအိုတို့၏ ပူးပေါင်းဆောင်ရွက်မှုမှာ မှတ်တိုင်သစ်စိုက်ထူနိုင်ခဲ့ပြီး၊ ကုန်းတွင်းပိတ်နိုင်ငံဖြစ်သည့် လာအိုနိုင်ငံကို ကုန်းတွင်းမှ ချိတ်ဆက်ပေးထားသည့် အချက်အချာနိုင်ငံအဖြစ်သို့ အသွင်ပြောင်းလဲစေခဲ့ကာ၊ ပြည်တွင်း ခရီးသွားကဏ္ဍကို မြှင့်တင်ပေး၍ နှစ်နိုင်ငံပြည်သူများအကြား အကျိုးကျေးဇူးများ ဖြစ်ပေါ် စေလျက်ရှိပါသည်။

ရထားလမ်းကြောင့် ရေရှည်တွင် လာအိုနိုင်ငံ၏ စုစုပေါင်းဝင်ငွေမှာ (၂၁) ရာခိုင်နှုန်းအထိ မြင့်တက်လာနိုင်သည့် အလားအလာရှိကြောင်း၊ ကုန်းတွင်းမှ ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသတွင်းဆိုင်ရာ ကုန်ထုတ်လုပ်မှုကွင်းဆက်များနှင့် ချိတ်ဆက်ထားသဖြင့် ရင်းနှီးမြှုပ်နှံသူများကို ပိုမိုဆွဲဆောင်နိုင်ခြင်း၊ အလုပ်အကိုင်များ ပိုမိုဖန်တီးနိုင်ခြင်းနှင့် စီးပွားရေးဖွံ့ဖြိုးမှု ပိုမိုအရှိန်ရလာနိုင်ခြင်းကဲ့သို့ အခွင့်အလမ်းများဖြစ်ပေါ်လာနိုင်ကြောင်း ကမ္ဘာ့ဘဏ်က ခန့်မှန်းထားပါသည်။

ရထားလမ်းကြောင့် ယူနန်ပြည်နယ်ရှိ Pu'er နှင့် Xishuangbanna သို့ ခရီးသွားလာမှုများမှာ တစ်လအတွင်း (၉၂.၄) ရာခိုင်နှုန်းနှင့် (၅၉.၉) ရာခိုင်နှုန်း အသီးသီးမြင့်တက်ခဲ့ပါ သည်။

၎င်းရထားလမ်းမှ ကုန်တင်ပို့လျှင် ကူမင်းနှင့်ဗီယန်ကျင်းအကြား ကြာမြင့်ချိန်မှာ နာရီ (၃၀)သာရှိတော့သည့်အတွက် ပြီးခဲ့သည့်တစ်လအတွင်း အပြည်ပြည်ဆိုင်ရာ ကုန်တင် ရထား (၇၀) အပါအဝင် ကုန်သေတ္တာတင် ရထားပေါင်း (၃၈၀)စင်း ပြေးဆွဲခဲ့ရကြောင်း၊ ကုန်တန်ချိန် (၅)သောင်း သယ်ယူပို့ဆောင်ပေးခဲ့ကြောင်းနှင့် သယ်ယူပို့ဆောင်ပေးခဲ့သည့် ကုန်စည်များတွင် ရော်ဘာ၊ ဓာတ်မြေဩဇာ၊ နိစ္စဓူဝသုံး လူသုံးကုန်များ၊ လျှပ်စစ်ပစ္စည်း များ၊ photovoltaic ပစ္စည်းများ၊ ဆက်သွယ်ရေးသုံး ပစ္စည်းများ၊ မိုဘိုင်းလ်ဖုန်းများ၊ အထည် အလိပ်များ၊ ဟင်းသီးဟင်းရွက်များနှင့် ပန်းများပါဝင်ကြောင်း သိရပါသည်။

အနာဂတ်တွင် တရုတ်-လာအိုရထားလမ်းသည် အရှေ့တောင်အာရှနှင့် ဥရောပအကြား ကုန်စည်သယ်ယူပို့ဆောင်ရေးတွင် အဓိကလမ်းကြောင်း ဖြစ်လာနိုင်ဖွယ်ရှိနေကြောင်း သတင်းရရှိပါသည်။

Source: **Xinhua** (၂၇-၁၂-၂၀၂၁)

**ဒေါက်တာရွှေစင်ကို (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ တရုတ်-နန်နင်း)**

## စင်ကာပူနိုင်ငံတွင် ကာဗွန်အခွန် (Carbon Tax) နှင့် ကုန်စည်နှင့်ဝန်ဆောင်မှုအခွန် (GST) နှုန်းထားတို့အား ပြင်ဆင်ကောက်ခံသွားရန်ရှိ

စင်ကာပူနိုင်ငံတွင် ၂၀၁၉ ခုနှစ်မှစ၍ လက်ရှိအချိန်အထိ စည်းကြပ်ကောက်ခံနေသော ကာဗွန်အခွန် (Carbon Tax) နှုန်းထားမှာ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု တစ်တန်လျှင် စင်ကာပူဒေါ်လာ ၅ ဒေါ်လာနှုန်းဖြစ်ပြီး၊ ယင်းနှုန်းထားအတိုင်း ၂၀၂၃

ခုနှစ်အထိ ဆက်လက်ကောက်ခံသွားမည်ဖြစ်ကြောင်းနှင့် ၂၀၂၄ ခုနှစ်မှစ၍ စည်းကြပ်ကောက်ခံမည့်နှုန်းထားကိုမူ လာမည့် ဖေဖော်ဝါရီလတွင် ကြေညာသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

စင်ကာပူအစိုးရသည် ၂၀၁၉ ခုနှစ်တွင် ကာဗွန်အခွန် စည်းကြပ်ကောက်ခံမှုမှ စင်ကာပူ ဒေါ်လာ ၂၀၇.၅ သန်း ရရှိခဲ့ပြီး၊ ၂၀၁၉ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ ၅ နှစ်အတွင်း စင်ကာပူဒေါ်လာ ၁ ဘီလီယံရရှိမည်ဟုလည်း ခန့်မှန်း ထားရှိပါသည်။ ထိုသို့ ကောက်ခံရာတွင် တစ်နှစ်လျှင် ဖန်လုံအိမ် ဓာတ်ငွေ့ ၂၅,၀၀၀ နှင့်အထက် ထုတ်လွှတ်မှုရှိသော စက်ရုံ/အလုပ်ရုံများအား စည်းကြပ်ကောက်ခံခြင်းဖြစ်ကြောင်းနှင့် ၎င်းတို့သည် စင်ကာပူနိုင်ငံ၏ ဖန်လုံအိမ် ဓာတ်ငွေ့ထုတ်လွှတ်မှုပမာဏတွင် ၈၀ ရာခိုင်နှုန်းအထိ ကိုယ်စားပြုကြောင်းသိရှိရပါသည်။ စင်ကာပူသည် အရှေ့တောင်အာရှတွင် ကာဗွန်အခွန်ကို ပထမဆုံးစည်းကြပ် ကောက်ခံခဲ့သောနိုင်ငံလည်းဖြစ်ကြောင်း ဖော်ပြထားပါသည်။

အလားတူစွာပင် ကုန်စည်နှင့်ဝန်ဆောင်မှုများရောင်းဝယ်ဖောက်ကားမှုအပေါ် ကောက်ခံ သည့် Goods & Services Tax (GST) အခွန်ကို လက်ရှိနှုန်းထား ၇ ရာခိုင်နှုန်းမှ ၉ ရာခိုင်နှုန်းသို့ တိုးမြှင့်ကောက်ခံသွားမည့်အစီအစဉ်ကို ၂၀၂၂ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည်ဟုလည်း ကြေညာထားရှိပြီးဖြစ်ပါသည်။ လက်ရှိစည်းကြပ်ကောက်ခံ နေသော ၇ ရာခိုင်နှုန်းမှာ ၂၀၀၇ ခုနှစ်မှစတင်၍ ကောက်ခံနေသောနှုန်းထားဖြစ်ပါသည်။ နိုင်ငံ၏ ရေရှည်မူဝါဒများနှင့်အညီ ကျန်းမာရေးစောင့်ရှောက်မှုနှင့် သက်ကြီးရွယ်အိုများအား ထောက်ပံ့ပေးနိုင်ရန်အတွက် GST အခွန်ကို တိုးမြှင့်ကောက်ခံသွားရန် ရှိကြောင်းကိုလည်း စင်ကာပူနိုင်ငံဝန်ကြီးချုပ် လီရှန်လွန်းမှ ၎င်း၏နှစ်သစ်ကူးမိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့ပါသည်။

Source: The Straits Times, The Business Times

**မြတ်နိုး (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ စင်ကာပူ)**

## STOCK EXCHANGE (13.1.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 12th Jan. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,000 | -100 | -1.23% | 8,100 | 8,100 | 8,000 | 618 | 4,994,000 | 33,109,694 | 264,878 |
| MTSH | 00002 | 3,050 | +0 | +0.00% | 3,000 | 3,050 | 3,000 | 1,136 | 3,414,800 | 38,929,150 | 118,734 |
| MCB | 00003 | 7,900 | -100 | -1.25% | 7,900 | 7,900 | 7,900 | 30 | 237,000 | 10,400,986 | 82,168 |
| FPB | 00004 | 19,500 | +0 | +0.00% | 19,500 | 19,500 | 19,500 | 5 | 97,500 | 2,472,053 | 48,205 |
| TMH | 00005 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,650 | 0 | 0 | 12,823,224 | 33,982 |
| EFR | 00006 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,900 | 0 | 0 | 19,977,223 | 57,934 |
| AMATA | 00007 | 5,400 | -300 | -5.26% | 5,500 | 5,500 | 5,400 | 21 | 113,500 | 10,497,598 | 56,687 |


### Market summary

As of 12th Jan. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 380.88 | -4.31 | -1.12% | 382.27 | 383.39 | 380.88 | 1,810 | 8,856,800 | 7 | 662,588 |

**Index chart**



## Market Overview

### Main Board

As of 1:00 pm, 12th Jan. 2022

| MYANPIX | 380.88 ▼ 4.31 |
|---|---|
| Total Volume (shares) | 1,810 |
| Total Value (MMK) | 9 mil |
| Listed Company | 7 |
| Market Cap. (MMK) | 662,588 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,000 | ▼ 100 |
| MTSH | 00002 | 3,050 | ▲ 0 |
| MCB | 00003 | 7,900 | ▼ 100 |
| FPB | 00004 | 19,500 | ▲ 0 |
| TMH | 00005 | 2,650 | ▲ 0 |
| EFR | 00006 | 2,900 | ▲ 0 |
| AMATA | 00007 | 5,400 | ▼ 300 |

TIR